# “လိုချင်လျှင် – ရနိုင်သည်”

## Wish List, The

ငံပျပျ ရှတတ ပင်လယ်လေများက အဆုပ်ထဲသို့ တိုးဝင်သွားသည်။ ကျွန်ုပ်၏ ခြေချောင်းကလေးများကြားတွင် ဖိကျပ်နေကြသည်။ ဂျီးဆက်၏လက်က ကျွန်ုပ်၏လက်ကို လျှို၍တွဲလိုက်သည်။

“ကျွန်ုပ်ကို ဖိတ်လို့ ကျေးဇူးတင်ပါတယ်” သူကဆို၏။

“ကျွန်တော် ဖိတ်လိုက်ချင် ......”

“ဟုတ်လား”

“ကျွန်တော်တို့ ဒီလိုဆန္ဒက ကျွန်ုပ်ကို ခေါ်လိုက်တာလေ” သူကပြောသည်။

ကျွန်ုပ်ကိုယ်ကျွန်ုပ် ပြည့်စုံလုပြီဟု ယူဆကာ ကျွန်ုပ်အားမည်သည့်အခါတွင်မျှ ဒုက္ခမရောက်စေခဲ့သော မိတ်ဆွေကောင်းတစ်ဦးဖြစ်သော သူ့အား ကျွန်ုပ်လစ်လျူရှုခဲ့သည့် အချိန်များရှိခဲ့သည်ကို သူသိရှိကြောင်း သူ၏မျက်ဝန်းများထဲတွင် ကျွန်ုပ်တွေ့ခဲ့ရသည်။ ထိုအချိန်များ ကုန်လွန်ခဲ့ပြီကို ကျွန်ုပ်အား အသိပေးသည့်သဘောဖြင့် ကျွန်ုပ်၏လက်ကို သူကဖျစ်ညှစ်လိုက်သည်။ ပြီးခဲ့တာတွေပြီးပါစေဟူသော သဘောပင်။

ပင်လယ်ကမ်းခြေတွင် အခြားသူများလည်း ရှိနေကြပါသည်။ သို့သော် လက်ရှိတွင်မူ သူသာလျှင် ကျွန်ုပ်၏ ကမ္ဘာဖြစ်ပြီး ကျွန်ုပ်တို့ နှစ်ဦးတည်းသာ ရှိနေကြပါသည်။

ကျွန်ုပ်၏စိတ်များကား ဟိုဟိုသည်သည် ပြေးလွှားပျံ့လွင့်နေသော်လည်း သူသည် ကျွန်ုပ်၏အနီးတွင် ရှိနေသည်ဟူသော သတိကြောင့် ဝေးဝေးသို့ ပြေးလွှားပျံ့လွင့်ခြင်း မပြုနိုင်ပါချေ။ “ကျွန်ုပ်မှာ သောကတွေရှိနေတယ်” ကျွန်ုပ်က မဆင်မခြင်ဖွင့်ဟလိုက်မိသည်။

“မောင်းထုတ်ပြစ်လိုက်လေ”

ကျွန်ုပ်ကပြုံးလိုက်မိသည်။ ခဏမျှတိတ်ဆိတ်နေလိုက်သည်။ အသက်ကိုဝအောင် ရှူလိုက်ပြီး “ကျွန်တော့်ရဲ့ အနာဂတ်ရှေ့ရေးကို စိတ်ပူမိတယ်” လောလောဆယ်မှ ကြုံတွေ့သမျှကို ကျွန်တော်မဖြေရှင်းနိုင်မှာကို ပိုပြီးစိတ်ပူမိတယ်။ လူတွေနဲ့ အဆင်ပြေချင်တယ်။ တစ်နေ့တစ်နေ့ကို ပင်ပင်ပန်းပန်းနဲ့ မဖြတ်သန်းချင်ဘူး။ ပြီးတော့ ..........” ဟူ၍ပင် ဖွင့်ဟတ်နှစ်၍ပြောမိပြန်သည်။

သူက ကျွန်ုပ်၏လက်ကို ဖျစ်ညှစ်လိုက်ပြန်သည်။ ထိုနောက်နှစ်ဦးသား နှုတ်ဆိတ်နေကြသည်။ လိမ့်တက်လာသော လှိုင်းလုံးကြီးများကို ကြည့်ကာ ကမ်းခြေကို ရိုက်ခတ်ဖြိုဖျက်သံကို နားထောင်နေမိကြသည်။ သူက ကျွန်ုပ်၏ဆန္ဒများအပေါ်တွင် ကန့်သတ်ပိတ်ပင်ပါက ကျွန်ုပ်မည်သို့ ဖြစ်မည်နည်းဟူ၍ တွေးကြည့်နေမိသည်။ သူသာ ထိုသို့ကန့်သတ်ပါက ကျွန်ုပ်တော့ ရေစုန်တွင်မျောပေလိမ့်မည်။ ကျွန်ုပ်သည် သူ၏အကြီးကျယ်ဆုံးသော ဖေါက်သည်ပေတည်း။

ကျွန်ုပ်၏စိတ်ကို သူဖတ်ကြည့်ပြီး “ဆန္ဒတစ်ခုပဲပြော” ဟုပြောသည်။

“ဘာပြောတယ်”

“သင့်အတွက်လေ၊ ဘာပဲဖြစ်ဖြစ် သင်လိုချင်တဲ့ဆန္ဒတစ်ခုကို ကျွန်ုပ်ဖြည့်ဆည်းပေးမယ်”

ကျွန်ုပ်ကို နောက်ပြောင်နေသည်ဟု ထင်မိသဖြင့် “တကယ်လား” ဟုမေးမိသည်။

“မဟုတ်ပါဘူး”

“ဘာမဟုတ်တာလဲ”

“နောက်နေတာ မဟုတ်ဘူးလို့ပြောတာ”

“ဘာကိုပဲဖြစ်ဖြစ်နော်” ကျွန်ုပ်က ရယ်မော၍မေးလိုက်သည်။

“ဘာပဲဖြစ်ဖြစ်ပါ”

“ဒါပေမဲ့ ကျွန်တော်တောင်းတဲ့ဆန္ဒက ကျွန်တော်နဲ့ မသင့်တော်ရင်ကော”

“သင် ကျွန်ုပ်ကို ချစ်ရဲ့လား”

“သိပ်ချစ်တာပေါ့” ထိုမေးခွန်းမျိုးကိုမေးသဖြင့် ကျွန်ုပ်အံ့သြရသည်။

သူက ရယ်သွမ်းသွေးကာ “သင်ရဲ့ဆန္ဒတွေက သင့်အတွက် ကျွန်ုပ်အကောင်းဆုံး ဖြစ်စေချင်တာ သိနေတာတွေနဲ့ ကိုက်လိမ့်မယ်။”

ကျွန်ုပ်သည် ရေခဲမုန့် နှစ်သက်ခြင်းသည် သူ၏အမြင့်ဆုံးဆန္ဒနှင့် တူညီနေမည်လားဟု စဉ်းစားကြည့်မိသည်။

“သိတယ်မို့လား၊ ဒီဆန္ဒကို ......... ကျွန်တော်” စကားကို အဆုံးမသတ်နိုင်ခဲ့။

“ရေခဲမုန့်တောင်းမလို့လား” ကျွန်ုပ်၏စိတ်ကို သူဖတ်လွယ်အောင် ကျွန်ုပ်မည်မျှ ညံ့ဖျင်းကြောင်းမေ့နေခဲ့မိသည်။ “ရေခဲမုန့်ကြိုက်တယ်မို့လား” ဟု သူကမေးသည်။

“ကျွန်တော်မပြောတတ်ဘူး။ ကောင်းမယ်လို့ထင်တာပဲ” တစ်ဦး၏အတွေးနှင့် ခံစားချက်များကို တစ်ဦးက ရိပ်မိသိရှိကြသဖြင့် အချင်းချင်းကြည့်၍ ပြုံးလိုက်မိကြသည်။

ကျွန်ုပ်၏ဆန္ဒများကို ရွေးချယ်နေမိသည်။ သူ၏နံဘေးတွင်ထိုင်၍ ကျွန်ုပ်၏ဆန္ဒများစာရင်းကို ချမှတ်လိုက်သည်။ အချို့ကိုမူ ဖျက်ပြစ်လိုက်သည်။ တစ်ခုမကြိုက် တစ်ခုဖျက်လိုက်နှင့် သူ့အားစိတ်ချမ်းသာစေလိုသော ဆန္ဒမှလွဲ၍ ကျွန်ုပ်လိုချင်သောဆန္ဒ ဘာမျှမကျန်တော့ပါ။

“ကျွန်တော် ခင်ဗျားကို အလုပ်အကျွေးပြုမယ်။ ချစ်မြတ်နိုးမယ်။ စိတ်ချမ်းသာအောင် ကြိုးစားမယ်”

သူက ကျွန်ုပ်ကိုတင်းတင်းကြီး ဖက်လိုက်သည်။ ကျွန်ုပ်၏ဆန္ဒအားလုံး မှန်ကန်သွားသကဲ့သို့ ခံစားရသည်။

“ကျွန်ုပ်ဖြစ်စေချင်တာကလည်း ဒီလိုပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီတော့မှ သင့်နှလုံးသားရဲ့ အလိုဆန္ဒမှန်သမျှကို ကျွန်ုပ်ဖြည့်ဆည်း

ပေးနိုင်မှာမို့ပဲ” တိုးတိတ်ညင်သာစွာ ပြောလိုက်ပါသည်။

“ဒါပေမဲ့ ကျွန်တော်ဆန္ဒတွေက မမှန်ဘူးဆိုရင်ကော” အတိတ်က နမူနာအချို့ကို ပြန်၍တွေးရင်း မေးလိုက်မိသည်။

“သင့်ဘဝထဲမှ ကျွန်ုပ်စပြီး ရောက်ကတည်းက သင်က ကျွန်ုပ်မှတပါး ဘာကိုမျှအလိုမရှိခင်ကတည်းက သင့်ကို ကျွန်ုပ်ကောင်းချီးပေးခဲ့တယ်။ သင့်မှာရှိနေတယ်လို့ သင်ကိုယ်တိုင်မသိတဲ့ ဆန္ဒကိုတောင် ကျွန်ုပ်ဖြည့်ဆည်းပေးခဲ့တယ်လေ”

ကျွန်ုပ်က သူ့ကိုကြည့်လိုက်သည်။ သူက ကျွန်ုပ်၏ဆန္ဒများ သူ့တွင် ပြည့်ဝပြီဖြစ်ကြောင်းပြောပြသည်။

သူက ကျွန်ုပ်ကိုကြည့်ပြီး “ဒီနေ့အစားအသောက်စာရင်းမှာတော့ ရေခဲမုန့်ပဲနော်” ဟု ပြောလိုက်သည်။

ကျွန်ုပ်တို့ အတူတကွ ရယ်မောရင်း လမ်းဆက်လျှောက်ကြသည်။

ထိုညက ကျွန်ုပ်တို့ ရေခဲမုန့်စားကြပါသည်။

(တိုမိုကို မာဆူယိုကာ)

(By. Tomoko Matsuoka)